အို - အာဒမ်၏သားမြေး အသင်သည် ငါအရှင့်ထံတော်တွင်

ဆုတောင်းနေသမျှကာလပတ်လုံး၊

ငါအရှင့်ထံမျှော်လင့်တောင်းတနေသမျှကာလပတ်လုံး

ငါအရှင်သည် အသင့်ထံတွင်ရှိသော (မည်သည့်ပြစ်မှုကိုမျှ) ဂရုမစိုက်ဘဲ ပြစ်မှုအားလုံးကို ခွင့်လွှတ်တော်မူမည်။

အနတ်စ်ဗင်န်မာလိက်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်သည်။ ကျွန်တော်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်တော်မူသည်ကို ကြားသိရသည်မှာ -
အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ အို - အာဒမ်၏သားမြေး အသင်သည်
ငါအရှင့်ထံတော်တွင် ဆုတောင်းနေသမျှကာလပတ်လုံး၊ငါအရှင့်ထံမျှော်လင့်တောင်းတနေသမျှကာလပတ်လုံး ငါအရှင်သည် အသင့်ထံတွင်ရှိသော (မည်သည့်ပြစ်မှုကိုမျှ) ဂရုမစိုက်ဘဲ ပြစ်မှုအားလုံးကို ခွင့်လွှတ်တော်မူမည်။ အို
- အာဒမ်၏သားမြေးအကယ်၍ အသင်၏အကုသိုလ်များသည်(အလွန်များသောကြောင့်)
မိုးကောင်းကင်နှင့်အညီမြင့်မားသွားခဲ့ပြီးနောက် အသင်သည် ငါအရှင့်ထံတော်ပါးတွင်ခွင့်လွှတ်ချမ်းသာတောင်းခံခဲ့ပါက ငါအရှင်မြတ်သည် (မည်သည့်ပြစ်မှုကိုမျှ)
ဂရုမစိုက်ဘဲအသင့်အား ခွင့်လွှတ်တော်မည်ဖြစ်သည်။ အို - အာဒမ်၏သားမြေး
အကယ်၍အသင်သည်
မြေပထဝီနှင့်အညီအကုသိုလ်များကျူးလွန်၍ငါအရှင့်ထံတော်ပါးသို့လာခဲ့ပြီး
ငါအရှင်နှင့် ရှိရ်က်တုဖက်ယှဉ်တွဲကိုးကွယ်ခြင်းလည်းမပြုဘဲ ငါအရှင်မြတ်နှင့်
တွေ့ဆုံခဲ့လျင် ငါအရှင်မြတ်သည် မြေပထဝီနှင့်အမျှခွင့်လွှတ်မှုကိုအသင့်ထံယူလာမည်ဖြစ်သည်။(ဆိုလိုသည်မှာ ခွင့်လွှတ်ပေးမည်ဖြစ်သည်။)
[حسن] [رواه الترمذي]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားထားသည်မှာ - အလ္လာဟ်အရှင်မြတ်သည် ဟဒီးဆ်ကုဒ်ဆီ၌အမိန့်ရှိတော်မူသည် အို - လူသား အသင်သည်ငါအရှင့်ထံတော်တွင် ဆုတောင်းနေသမျှကာလပတ်လုံး၊ ‌ ငါအရှင်မြတ်၏ကရုဏာတော်ကိုမျှော်လင့်ချက်မကင်းဘဲ မျှော်လင့်ချက်ထားနေသမျှကာလပတ်လုံးငါအရှင်သည် အသင့်အကုသိုလ်များကို ပြစ်မှုကြီးပင်ဖြစ်လင့်ကစား ဂရုမစိုက်ဘဲဖုံးကွယ်ထား၍ပယ် ဖျက်‌ပေးတော်မူ‌ပေမည်။ အို - အာဒမ်၏သားမြေး အကယ်၍အသင်၏အကုသိုလ်များသည် အလွန်များသောကြောင့် မိုးကောင်းကင်နှင့်‌ မြေပထဝီ၏ကြားပြည့်လျှံသွားပြီး
မြေပထဝီ၏နေရာအနှံ့အပြားသို့ရောက်ရှိသွားလောက်သည့်အထိအကုသိုလ်များအလွန်များနေလျှင်လည်း အသင်သည် ငါအရှင့်ထံတော်ပါးတွင်ခွင့်လွှတ်ချမ်းသာတောင်းခံခဲ့ပါက ငါအရှင်မြတ်သည် ပြစ်မှုများ အလွန်များနေခြင်းကိုဂရုမစိုက်ဘဲအသင့်အား ခွင့်လွှတ်ချမ်းသာပေးတော်မည်ဖြစ်သည်။ အို - အာဒမ်၏သားမြေးအကယ်၍အသင်သည် သေဆုံးကွယ်လွန်ပြီးနောက်ငါအရှင့်ထံတော်ပါးသို့မြေပထဝီနှင့်အညီအကုသိုလ်များဖြင့်ရောက်လာခဲ့ပြီး တဖန်ငါအရှင်နှင့် ရှိရ်က်တုဖက်ယှဉ်တွဲကိုးကွယ်ခြင်းလည်းမပြုဘဲ ငါအရှင်တစ်ပါးတည်းကိုသာ

□□□